# ဘဏ္ဍာရေးအရာရှိချုပ်အသစ်ပြောင်းလဲခန့်ခြင်းကိုအသိပေးကြေညာခြင်း

TMH Telecom Public Co., Ltd. မှ ဒါရိုက်တာအဖွဲ့ဝင်များမှ ထုတ်ပြန်ကြေညာသည်မှာ (၂.၁၁.၂၀၁၈) ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ (၆) ရက်မှ စတင်၍ ဒေါ်နေခြည်လင်းအား TMH ကုမ္ပဏီ၏ ဘဏ္ဍာရေးအရာရှိချုပ် အသစ်အဖြစ် ပြောင်းလဲခန့်အပ်လိုက်ပြီဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဒေါ်နေခြည်လင်းသည် ကုမ္ပဏီ၏ ဘဏ္ဍာရေးအရာရှိချုပ်အနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ ရည်ရွယ်ချက်များကို အကောင်အထည် ဖော်ဆောင်ရာတွင် အထောက်အကူပြု ဆောင်ရွက်နိုင်လိမ့်မည်ဟု ဒါရိုက်တာအဖွဲ့က ယုံကြည်မျှော်လင့်ပါသည်။

ဒေါ်နေခြည်လင်း၏ ပညာရေးနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အတွေ့အကြုံများမှာ အောက်ပါအတိုင်းဖြစ်ပါသည်_

| | | |
|---|---|---|
| (က) | Bachelor of Business Administration | [YUE] |
| (ခ) | Diploma In Business Management | [ABE,UK] |
| (ဂ) | ACCA Professional Level | [Candidate] |
| (ဃ) | Master Of banking & Finance – 6th Batch | [YUE] |

ဒေါ်နေခြည်လင်းသည် စာရင်းနှင့်ရသုံးမှန်းခြေဆိုင်ရာထိန်းချုပ်မှု၊ ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အစီရင်ခံခြင်း၊ စွမ်းဆောင်ချက်ဆိုင်ရာ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးဆိုင်ရာ လေ့လာသုံးသပ်ချက်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာသုံးသပ်ချက်များနှင့် ကုမ္ပဏီတွင်း ထိန်းချုပ်မှုစနစ်များကို အကောင်အထည်ဖော်ဆောင်ရာတွင် လုပ်ငန်းအတွေ့အကြုံ ၁၀နှစ်နှင့် အထက်တွင် ရှိပြီးဖြစ်ပါသည်။

သူမသည် Family Entertainment Group Co., Ltd. တွင် Senior Accountant အဖြစ် ၂၀၀၆ခုနှစ်မှ ၂၀၁၁ခုနှစ် အထိဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် Myanmar Padauk Co., Ltd.တွင် Deputy Finance Manager အဖြစ် ၂၀၁၁ခုနှစ်မှ ၂၀၁၄ခုနှစ် အထိတာဝန်ထမ်းဆောင်ခဲ့ပြီး၊ Great Wall International Co.,Ltd. တွင်

ဘဏ္ဍာရေးမန်နေဂျာ အဖြစ် ၂၀၁၄ခုနှစ်မှ ၂၀၁၆ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၆ခုနှစ်၊ မေလတွင် TMH ကုမ္ပဏီသို့ စတင်ဝင်ရောက်ခဲ့ပြီးကုမ္ပဏီ၏ Chief finance အဖြစ် ၂၀၁၈ခုနှစ် စက်တင်ဘာလကုန်အထိ တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ဦးသီဟလွင်

အုပ်ချုပ်မှုဒါရိုက်တာ

၂၀၁၈ခုနှစ် ၊ နိုဝင်ဘာလ (၆)ရက်။

**Address : No. 54, Eastern Business Centre, Level 4&5, Lay Daung Kan Road, Thingangyun T/S, Yangon, Myanmar**

**Phone : +951 8550348, +951 8550936**

**Website: [www.tmhtelecom.com](http://www.tmhtelecom.com)**